FOUNDATION

**<u>Press Release</u>**

# အင်ဒိုနီးရှားနိုင်ငံတွင်ကျင်းပသည့် ၂၀၁၈ အာရှအားကစားပြိုင်ပွဲ၌ မြန်မာ့အမျိုးသားလက်ရွေးစင် ဘော်လီဘောအသင်း နောက်တစ်ဆင့်သို့ တက်ရောက်

- ဂျပန်အသင်း နှင့် ကာဇတ်စတန်အသင်းတို့ပါဝင်သော အုပ်စု (ဂ) တွင် မြန်မာအသင်း ဒုတိယအဆင့်နေရာရရှိ

**ဂျကာတာ - ဩဂုတ်လ ၂၄ ရက်၊ ၂၀၁၈ ခုနှစ်** - အေးရှားဝေါလ်ကုမ္ပဏီမှ ဖွဲ့စည်းတည်ထောင်ထားသော ပြည်သူ့အကျိုးပြုအဖွဲ့ အစည်းတစ်ခုဖြစ်သည့် အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတစ်ဝန်း ကောင်းမွန်သော လူမှုအဖွဲ့အစည်းတိုးတက်ဖွံ့ ဖြိုးရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိရာ အင်ဒိုနီးရှားနိုင်ငံရှိ ဂျကာတာမြို့ နှင့် ပါလန်ဘန်မြို့တို့တွင် ကျင်းပလျက်ရှိသော ၂၀၁၈ အာရှအားကစားပွဲတွင် သွားရောက်ယှဉ်ပြိုင်ကစားလျက်ရှိသည့် မြန်မာအမျိုးသားလက်ရွေးစင် ဘော်လီဘောအသင်းကြီးအား ဂုဏ်ယူဝမ်းမြောက်စွာ အဓိကပံ့ပိုးကူညီလျက်ရှိပါသည်။

မြန်မာအသင်းသည် ၎င်း၏ ဒုတိယပွဲစဉ်အဖြစ် ဩဂုတ်လ ၂၄ ရက်တွင် ဂျပန်အသင်းနှင့်ယှဉ်ပြိုင်ကစားရာ၌ ပွဲစဉ်ငယ် ၅ ပွဲ ကစားခဲ့ပြီး (၂-၃) ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ပါသည်။

မြန်မာအသင်း နှင့် ဂျပန်အသင်း၏ ပွဲစဉ်ရလဒ်များ (၂ - ၃) -

ပွဲစဉ်ငယ် (၁) မြန်မာ ၂၁ - ၂၅ ဂျပန်

ပွဲစဉ်ငယ် (၂) မြန်မာ ၂၅ - ၁၇ ဂျပန်

ပွဲစဉ်ငယ် (၃) မြန်မာ ၁၉ - ၂၅ ဂျပန်

ပွဲစဉ်ငယ် (၄) မြန်မာ ၂၅ - ၂၁ ဂျပန်

ပွဲစဉ်ငယ် (၅) မြန်မာ ၁၇ - ၁၉ ဂျပန်

မြန်မာအသင်းသည် ယခု ပွဲစဉ်တွင် ရှုံးနိမ့်ခဲ့သော်လည်း ဂျပန်အသင်းနှင့်အတူ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်သွားပြီဖြစ်ပါသည်။ အုပ်စုတစ်စုချင်းစီမှ ပထမ နှင့် ဒုတိယအဆင့်နေရာရရှိသော အသင်းများ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပါသည်။

**ASIA WORLD FOUNDATION**
No. 39-40, Bogyoke Aung San Road, Bahosi Development, Wadan Street, Lanmadaw Township, Yangon, Myanmar

FOUNDATION




*အင်ဒိုနီးရှားနိုင်ငံတွင်ကျင်းပသည့် ၂၀၁၈ အာရှအားကစားပြိုင်ပွဲ၌ မြန်မာအသင်းနှင့် ဂျပန်အသင်းတို့ ယှဉ်ပြိုင်ကစားနေကြစဉ်*

မြန်မာ့လက်ရွေးစင်အမျိုးသားဘော်လီဘောအသင်းကြီး အကောင်းဆုံးယှဉ်ပြိုင်ကစားနိုင်ပါစေကြောင်း အေးရှားဝေါလ် ဖောင်ဒေးရှင်းမှ ဆုမွန်ကောင်းတောင်းပေးအပ်ပါသည်။

-- END –

**အေးရှားဝေါလ်ဖောင်ဒေးရှင်းအကြောင်း**

အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံသားများအတွက် ကောင်းမွန်ပြည့်စုံသော လူနေမှုဘဝရရှိရေးကိုဖော်ဆောင်သော စီမံကိန်းများတွင် ပါဝင်ကူညီဆောင်ရွက်ရန် သံဓိဌာန်ချမှတ်ထားပါသည်။ အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် အေးရှားဝေါလ်ကုမ္ပဏီ စတင်တည်ထောင်ခဲ့သည့်အချိန်မှစ၍ ပရဟိတလုပ်ငန်းများဆောင်ရွက်ရာတွင် တက်ကြွစွာ ပါဝင်ပံ့ပိုးလျက်ရှိပြီး ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး နှင့် သဘာဂဘေးအန္တရာယ်ပြန်လည်ထူထောင်ရေး အစရှိသည့် ကဏ္ဍများတွင် လှုဒါန်းမှုများ ဆောင်ရွက်လျက် ရှိပါသည်။

တိုးတက်ကောင်းမွန်သော လူ့အဖွဲ့အစည်း တည်ထောင်ရာတွင် ပညာရေးသည် အရေးပါသော အခြေခံဖြစ်သည်ဟု အေးရှားဝေါလ် ဖောင်ဒေးရှင်းမှ ယုံကြည်ထားပါသည်။ သဘာဝဘေးအန္တရာယ် ဖြစ်စဉ်များအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များသည်လည်း လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အခန်းကဏ္ဍတစ်ခုပင်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံသားများ၏ ကိုယ်ရောစိတ်ပါ ကျန်းမာမှုသည် နိုင်ငံ၏ ကြံ့ခိုင်မှုပင် ဖြစ်ပါသည်။ အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် ကျန်းမာရေး စောင့်ရှောက်မှုများ လိုအပ်နေသော ကျေးရွာဒေသများတွင် ကျန်းမာရေး စစ်ဆေးမှုများနှင့် ဆေးကုသမှုများစီစဉ်ဆောင်ရွက်ပေးလျက် ရှိပါသည်။ ဘောလုံးနှင့် ဘော်လီဘော အစရှိသော အားကစားကဏ္ဍများတွင်လည်း ကူညီပံ့ပိုးပေးလျက်ရှိပါသည်။

FOUNDATION

ပြည်သူများ၏ လူနေမှုဘဝများ၊ မိသားစုများနှင့် လူမှုအဖွဲ့အစည်းများအပေါ်တွင် ကောင်းမွန်သော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေရန် ထိရောက်သော ပံ့ပိုးကူညီမှုများပြုလုပ်ပေးခြင်းသည် အေးရှားဝေါလ်ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်ပင်ဖြစ်ပါသည်။

**ASIA WORLD FOUNDATION**
No. 39-40, Bogyoke Aung San Road, Bahosi Development, Wadan Street, Lanmadaw Township, Yangon, Myanmar